# ရွှေရုပ်လွှာ




**A gold-covered statue of President Saparmurat Niyazov dominates the capital Ashgabat**

ရွှေရုပ်လွှာဆိုတဲ့ ဒီခေါင်းစီးစာသားလေးဖတ်လိုက်ရတော့ လှလှပပ နုနုရွရွဇာတ်လမ်းလေးတစ်ခု ဖတ်ရတော့မှာပဲရယ်လို့ ထင်မိလေမလားပါ၊ စာရေးသူကလည်း စိတ်နှလုံးကို ထုံမွှမ်းပြီး ပီတိလှိုင်းလုံးတွေ တလိမ့်လိမ့်ထွေးကာ တသိမ့်သိမ့်လေးတွေးနေရအောင် ထူးခြားလောက်တဲ့သူတွေ အကြောင်းကိုသာ ရေးပြချင်တာပါ၊ သို့ပေမယ့် ကမ္ဘာပေါ်မှာက အဲဒီလိုသူတွေကနည်းနည်းလာပြီး ထူးတော့ထူး၊ ဆန်းတော့ဆန်းပါရဲ့၊ သို့ပေမယ့် ထူးရုံဆန်းရုံပါမက ရူးနှမ်းနှမ်းအထိဖြစ်နေသူတွေကသာ တနေ့တခြား များများလာလေတော့ ကိုယ်ရေးလိုတဲ့ ငြိမ့်ငြိမ့်သိမ့်သိမ့်လေးတွေအစား ကိုယ်မရေးချင်တဲ့ အကြောင်းအရာတွေက ခေါင်းထဲကို မဖိတ်ခေါ်ပဲ ရောက်ရောက်လာတာများပါတယ်၊ အထူးသဖြင့် အဲဒီလို အရူးအနှမ်းတွေကလည်း အိမ်ကြိုအိမ်ကြား လမ်းဆုံလမ်းခွမှာ ထင်ရာမြင်ရာပြောပြီး တွေ့ရာမြင်ရာ ကောက်စားနေတဲ့အဆင့်မျိုးမဟုတ်ပဲ အရေးပါ အရာရောက်တဲ့နေရာမျိုးကို ပိုင်ဆိုင်ထားသူမျိုး ဖြစ်နေတတ်တော့ လောကအတွက် အန္တရာယ်ပေးနိုင်တဲ့ အနေအထားမှာလည်း ရှိနေတတ်ပြန်ပါတယ်၊ သူတစ်ယောက်တည်း သူ့ဟာသူ ရူးနှမ်းနေလျှင် လွှတ်ထားလို့ရနိုင်ပေမယ့် အများအတွက် အန္တရာယ်ဖြစ်မည့်သူမျိုးဆိုလျှင်ဖြင့် ဝိုင်းဝန်းတားဆီးရမည့် တာဝန်ရှိတာကြောင့် မပြောမဆိုပဲ မနေနိုင်အောင်ဖြစ်ရပြန်ပါတယ်၊ ဒါကြောင့် မကြည့်ချင်လို့ မရ၊ ကြည့်ပြန်တော့ မလှ၊ သူညတွေရဲ့ အပိုင်းအစတွေကိုလေ–လို့ဆိုသလို သူညလို လူတွေရဲ့အကြောင်းက ရေးဖို့ ဖြစ်ဖြစ်လာပါတယ်၊ သူတို့တွေအကြောင်းကို မျက်နှာလွှဲလိုပေမယ့် လွှဲလို့မရနိုင်အောင် ဖြစ်နေရပါတယ်၊ ခုလည်း ကမ္ဘာက သိပ်ပြီး မသိလှပေမယ့် ထူးထူးခြားခြားရှိလှသူ တစ်ယောက်အကြောင်းကို ပြောချင်ပြန်ပါတယ်။

သူကတော့ တာ့က်မီနီစတန်လို့ အနီးစပ်ဆုံးအသံထွက်နိုင်မယ့် Turkmenistan နိုင်ငံရဲ့ သမတ၊ "I will give all my love to you and I will take all your sufferings and pain, my Turkmen nation." ငါ့ရဲ့ချစ်မေတ္တာအားလုံးကို သင်တို့ကိုပေးမယ်၊ သင်တို့ရဲ့ ဆင်းရဲမှုများနဲ့ နာကျင်မှုအားလုံးကို ပယ်ဖျောက်ပေးမယ်၊ ငါ့ရဲ့ တာ့က်မန်နိုင်ငံတော်ကြီး” ဆိုပြီး ကြွေးကြော်လေတဲ့ Saparmurat Niyazov ရဲ့အကြောင်းပေ့ါ၊ Turkmenistan နိုင်ငံက အာရှအလယ်ပိုင်းမှာ တည်ရှိပါတယ်၊ အရှေ့မြောက်ဖက်က ဥဇဘက်ကစ်စတန်၊ အရှေ့တောင်ဖက်မှာ အာဖဂန်နစ်စတန်၊ အနောက်တောင်ဖက်မှာတော့ အီရန်၊ အနောက်မြောက်ဖက်က ကာဇက်ကစ်စတန်နဲ့ အနောက်ဖက်မှာတော့ ကမ္ဘာပေါ်မှာ အကြီးမားဆုံးရေကန်ကြီးလို့ သတ်မှတ်ကြတဲ့ Caspian ပင်လယ်ကြီး တည်ရှိပါတယ်၊ ဆိုဗီယက်ပြည်ထောင်စုကြီးခေတ်က ဆိုဗီယက်နိုင်ငံပြည်ထောင်စုမှာ ပါဝင်တဲ့နိုင်ငံတစ်ခုပေ့ါ၊ ၁၉၉၁ ခုမှာ ဆိုဗီယက်ပြည်ထောင်စုကနေ ခွဲထွက်ပြီး လွတ်လပ်ရေးကြေညာပြီးကတည်းကစလို့ နိုင်ငံကို Saparmurat Niyazov က တစ်ပါတီစနစ်နဲ့ သမတအဖြစ်အုပ်ချုပ်ခဲ့ပါတယ်၊ သူ့ကိုသူ ရာသက်ပန် သမတအဖြစ်ကြေငြာပါတယ်၊ ဒီဇင်ဘာလ ၂၁ ရက် နှစ်လုံးရောဂါနဲ့ကွယ်လွန်ချိန်အထိ အုပ်ချုပ်သွားခဲ့တာမို့ သူ့စိတ်ကူး ရာသက်ပန် သမတဆိုတဲ့ ဘွဲ့ကိုတော့ ရယူသွားနိုင်ခဲ့သူလို့ဆိုရမှာပါ။

ခေတ်သစ်ကမ္ဘာရဲ့ ဆိုးရွားလှတဲ့ အာဏာရှင်များကြားမှာ Niyazov (နီယာဇဗ်က) လည်း သူ့နည်းသူ့ဟန် ထူးခြားမှုလေးတွေ ရှိပါတယ်၊ သူက သူ့နာမည်ကို 'Turkmenbashi' လို့ ပြောင်းပါတယ်၊ အဓိပ္ပါယ်က 'တာက်မန်လူမျိုးစုအားလုံးရဲ့ဖခင်' ဆိုတဲ့သဘောပါ၊ ဒါကဘာကိုပြသလဲဆိုရင် နာမည်ပြောင်းတာသာ အခြားအာဏာရှင်များနဲ့ မတူကွဲပြားပေမယ့် အာဏာရှင်တိုင်းဟာ သူတို့ကိုသူတို့ တိုင်းပြည်ရဲ့သူရဲကောင်း၊ တိုင်းပြည်ရဲ့ကယ်တယ်ရှင်လို့ အထင်ခံချင်ကြရာမှာတော့ တူညီတယ်ဆိုတဲ့သဘောပါ၊ နောက်ပြီး သူ့ကိုယ်သူလည်း ရိုးရာစဉ်လာကိုတန်ဖိုးထားပြီး အစ္စလာမ်ဘာသာကိုမြှင့်တင်တဲ့ မူဆလင်ကောင်းတစ်ယောက်အဖြစ်လည်း ပုံဖော်ပါတယ်၊ ဒါက အစ္စလာမ်ဘာသာကို ကိုးကွယ်ယုံကြည်သူများတဲ့ နိုင်ငံတစ်ခုမှာ လူများစုကိုးကွယ်တဲ့ဘာသာကို မြှင့်တင်ဟန်ပြခြင်းဟာ သူကြာရှည်စွာအုပ်ချုပ်နိုင်ရေးအတွက် အကျိုးမယုတ်နိုင်ဘူးလို့ ယုံကြည်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်၊ သူ့အစိုးရလက်ထက်မှာ အခြေခံအားဖြင့် နိုင်ငံရေးမှာ ပါဝင်ပတ်သက်ခွင့်ရှိတယ်လို့ရေးသားထားတဲ့ အစ္စလာမ်ဥပဒေသများကို နှုတ်ပယ်ပြီး ဘာသာရေးနဲ့နွယ်တဲ့ နိုင်ငံရေးပါတီများထူထောင်မှုကိုလည်း ပိတ်ပင်ပါတယ်၊ ဘာသာရေးဆိုင်ရာကိစ္စတွေမှာ တရားဝင်စီမံအုပ်ဆုံးဖြတ်ခွင့်ရှိတဲ့ ဘာသာရေးကောင်စီက ၁၉၉၂ ရွေးကောက်ပွဲမှာ Niyazov ကို တရားဝင်အပြည့်အဝထောက်ခံမှုပေးပါတယ်၊ နောက်ပိုင်းမှာတော့ သမ္မတက ဘာသာရေးကောင်စီကို ဝန်ကြီးဌာနတစ်ခုအဖြစ်မြှင့်တင်ပြီး ပိုမိုတင်းတင်းကြပ်ကြပ်ထိန်းချုပ်ဖို့ ကြိုးစားလာပါတယ်။

နိုင်ငံအကျယ်အဝန်းက ကမ္ဘာမှာ ၅၂ နိုင်ငံမြောက်အကြီးဆုံးဖြစ်ပါတယ်၊ ဥကမာအနေနဲ့ပြရရင် အမေရိကန်နိုင်ငံက ကာလီဖိုးနီးယားပြည်နယ်ထက် အတန်ငယ်ပိုကျယ်ပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့များက တာ့က်မစ်နစ္စတန်အစိုးရကို ဖိနှိပ်ချုပ်ချယ်တဲ့အစိုးရအဖြစ် ဖော်ပြကြပါတယ်၊ ၂၀၀၅ ခုနှစ်အတွက် နယ်စည်းမခြားသတင်းထောက်များအဖွဲ့ကထုတ်ပြန်တဲ့ ကမ္ဘာ့လွတ်လပ်စွာထုတ်ဝေခွင့်ညွှန်းတမ်းမှာ တာ့က်မီနစ္စတန်ဟာ မြောက်ကိုးရီယားပြီးလျှင် ဒုတိယလွတ်လပ်မှု မရှိဆုံးနိုင်ငံလို့ ဆိုပါတယ်၊ တစ်ဆယ့်သုံးနိုင်ငံမြောက် အင်တာနက်ရဲ့ရန်သူ၊ သမတ Niyazov ကိုလည်း “အာရှအလယ်ပိုင်းရဲ့ ကင်ဂျုံအီး” လို့လည်း နှိုင်းယှဉ်ခေါ်ဝေါ်ပါတယ်၊ ၂၀၀၅ ခုနှစ်အစပိုင်းမှာ မြို့တော် အက်ရှဂဘတ် (Ashgabat) ရဲ့ပြင်ပမှာရှိနေတဲ့ ဆေးရုံအားလုံးကို ပိတ်စေပါတယ်၊ နေမကောင်းလျှင်မြို့တော်ကို လာရောက်ကုသရမယ်လို့ ဖော်ပြပါတယ်၊ တောလက်ကျေးရွာနေပြည်သူတွေ စာဖတ်နေစရာမလိုဆိုတဲ့ အကြောင်းပြချက်နဲ့ တောလက်ကျေးရွာများရှိ စာကြည့်တိုက်တွေကိုလည်း ပိတ်စေပါတယ်၊ လူငယ်အမျိုးသားတွေ ဆံရှည်မထားရ၊ လူငယ်တွေ ဗီဒီယိုဂိမ်း မကစားရ၊ အော်ပရာ ပြဇာတ်တွေဟာ တာ့က်မန်ယဉ်ကျေးမှုနဲ့ မကိုက်ညီတာကြောင့် ဖြေဖျော်ကပြခွင့်မရှိဆိုတဲ့ ဥပဒေမျိုးကိုလည်း ထုတ်ပါတယ်၊ လူတွေအတွက်ပါမက သူကခွေးမုန်းသူဖြစ်တာကြောင့် အက်ရှဂဘက်မြို့တော်မှာ ခွေးမမွေးရဆိုတဲ့အမိန့်ကိုပါ ထုတ်ပါတယ်၊ လူထုလှုပ်ရှားမှုအားလုံးကို ပိတ်ပင်ပြီး မီဒီယာများကိုလည်း တင်းတင်းကြပ်ကြပ်ထိန်းချုပ်ထားတာကြောင့် ပြင်ပကပညာရှင်များအနေနဲ့ ဒီဆေးရုံများကိုပိတ်ပင်လိုက်ခြင်းရဲ့ အကျိုးဆက်များကို အမှန်အတိုင်း တိတိကျကျ မသိနိုင်ပါဘူး၊ နိုင်ငံကိုစွန့်ခွါထွက်ပြေးသူများကို နိုင်ငံသစ္စာဖောက်အဖြစ်သတ်မှတ်ပြီး ထောင်ဒဏ်ချမှတ်ပါတယ်၊ ဒီမိုကရေစီအရေးလှုပ်ရှားမှုနဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် ကြိုးစားသူများကိုလည်း နှစ်ရှည်ထောင်ဒဏ်များချမှတ်ပါတယ်၊ နိုင်ငံရဲ့ပညာရေးဟာ ရုရှားနိုင်ငံရဲ့နောက်မှာ အများကြီးကျန်ခဲ့ပါတယ်၊ အများအားဖြင့် တက္ကသိုလ်ကိုဝင်ရောက်ပညာသင်ကြားဖို့ လာဘ်ပေးရလေ့ရှိပါတယ်၊ ဒီလိုလုပ်ခြင်းဖြင့် ထူးချွန်ထက်မြက်တဲ့ လူငယ်တွေ အထက်တန်းပညာရေးကို လေ့လာလိုက်စားဖို့ စိတ်ဓာတ်ခွန်အား ယုတ်လျော့စေပါတယ်၊ ပညာရေးရဲ့ တန်ဖိုးနဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေပါတယ်၊ ဆိုဗီယက်ယူနီယံခေတ်က နိုင်ငံအတွင်း နေထိုင်ခဲ့ကြတဲ့ ရုရှားလူမျိုးအများစုဟာ ထွက်ပြေးခဲ့ကြပြီး အနောက်နိုင်ငံများမှာ နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားခဲ့ကြပါတယ်။

သမတ နီယာဇဗ်ဟာ သူ့ကိုလူတွေကအမြဲအမှတ်ရနေအောင် ထူးထူးဆန်းဆန်း ဖန်တီးကြိုးစားပါတယ်၊ နေ့စဉ်သုံးစွဲနေတဲ့ ငွေကြေး၊ သောက်သုံးနေကြ ရိုးရာအဖျော်ယမကာအထိ သူ့ပုံရိပ်လွှာတွေကို ထင်ထင်ရှားရှားဖော်ပြစေပါတယ်၊ နေ့များ၊ လများကိုလည်း သူနဲ့သူ့မိသားစုဝင်များရဲ့ နာမည်များနဲ့ အစားထိုးပြောင်းလဲပါတယ်၊ နိုင်ငံတော် တယ်လီဖေးရှင်းကိုလည်း သူ့ရဲ့ကိုယ်ရေးကိုယ်တာ မှတ်တမ်းတင်စရာ စင်မြင့်တစ်ခုလိုပဲ သဘောထားပါတယ်၊ သူရေးသားပြုစုတဲ့ Ruhnama ဆိုတဲ့ စာအုပ်ကိုလည်း ဗလီဝတ်ကျောင်းများ၊ စာသင်ကျောင်းများမှာ မသင်မနေရ သင်ကြားစေပါတယ်၊ သင်ကြားဖို့ငြင်းဆန်တဲ့ဗလီကျောင်းများကို ပိတ်ပင်ဖို့ ဖိအားပေးပါတယ်၊ နှစ်စဉ် ဉာဏ်စမ်းစာမေးပွဲများကျင်းပပြီး သူ့စာအုပ်ထဲမှာပါဝင်တဲ့ အချက်အလက်များကို မေးမြန်းစစ်ဆေးပါတယ်၊ ရုံးတို့ဈေးဆိုင်တို့မှာလည်း သူ့စာအုပ်ကို ကိုးကားစရာတစ်ခုအဖြစ် ထားစေပါတယ်၊

ကိုရန်ကျမ်းစာပြီးလျှင်ဖြင့် သူရေးသားတဲ့စာအုပ်ဟာ သူ့နိုင်ငံမှာ အရေးကြီးဆုံး ကျမ်းစာတစ်စောင်ပါပဲ၊ မကြာမီနှစ်များကစလို့ ပုံမှန်ရှိခဲ့ဘူးတဲ့ စာသင်နှစ်များကိုလည်း လျှော့ချပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ယူစေပါတယ်၊ နိုင်ငံရေးဆိုင်ရာသင်တန်းများကို တက်ရောက်စေပြီး သူရေးသားထားတဲ့ Ruhnama (Book of the Soul) ထဲမှာပါဝင်တဲ့ လမ်းညွှန်ချက်များ၊ အဆိုအမိန့်များကို သင်ကြားပို့ချစေပါတယ်။

အထူးသဖြင့်တော့ သဘာဝဓာတ်ငွေ့နဲ့ဝါဂွမ်းတင်ပို့မှုကရရှိတဲ့ ဝင်ငွေအမြောက်အများကို သမတ နီယာဇဗ်ယာ သူ့ဂုဏ်သူမြှင့်တင်ရေး၊ ကြီးကျယ်ခမ်းနားသူတစ်ယောက်အဖြစ် အသတ်အမှတ်ခံယူနိုင်စေရေးမှာ အသုံးပြုခဲ့ပါတယ်၊ ထင်ရှားတဲ့ ဥပမာများကတော့ မြို့တော် အက်ရှဂဘက်နဲ့နိုင်ငံတဝှမ်း သဲကန္တာရထဲမှာပါကျန် သူ့ရုပ်ပုံတူတွေကို ထုလုပ်စိုက်ထူပါတယ်၊ Neutrality Arch ဆိုတာက မြို့တော်ရဲ့ အမြင့်ဆုံးအဆောက်အဦတစ်ခုပေါ့၊ အဆောက်အဦရဲ့ထိပ်မှာ နေကိုမျက်နှာမူထားတဲ့ နီယာဇဗ်ရဲ့ ရွှေရုပ်ထုကြီးကို တင်ထားပါတယ်၊ အလားတူ ရွှေရုပ်ထုအမြောက်များကိုလည်း နေရာအနှံ့မှာ ထုလုပ်ထားပါတယ်၊ အဓိကလမ်းမများ၊ ရုံးများ၊ စာသင်ကျောင်းများ၊ ဈေးဆိုင်များပါမကျန် နီယာဇဗ်ရဲ့ ပုံတွေကို တွေ့ရမှာပါ၊ ဒါကြောင့် သင်ဘယ်ကိုပဲသွားသွား သမ္မတကိုတော့ ရှောင်ကွင်းလို့ ရနိုင်မယ် မဟုတ်ပါဘူးလို့ ဆိုစမှတ်ပြုကြပါတယ်၊ ဆင်းရဲသားတွေတဖြည်းဖြည်းများများလာတဲ့နိုင်ငံတစ်ခုမှာ ကိုယ့်ဂုဏ်သိက္ခာမြှင့်တင်ရေး၊ ကိုယ့်ကိုယ်ကို မဟာလူစွမ်း ကောင်းတစ်ယောက်အဖြစ် အသတ်မှတ်ခံရနိုင်စေရေးအတွက် ပြည်သူ့ဘဏ္ဍာငွေတွေကို အရမ်းမဲ့သုံးစွဲလေတဲ့ အာဏာရှင်တွေရဲ့ ယုတ်မာတကိုယ်ကောင်းဆန်တဲ့စိတ်ဓာတ်များကတော့ အလွန်ပဲအံ့သြစရာကောင်းလှပါတယ်၊ စက်ဆုတ်ရွံရှာဖွယ်လည်း ကောင်းလှပါတယ်။ တာ့က်မီနစ္စတန်နိုင်ငံဟာ တစ်နှစ်မှာ ပျမ်းမျှအားဖြင့် ရက်ပေါင်း ၂၆၀ ကျော်ကျော် နေသာလေ့ ရှိပါတယ်၊ သို့ပေမယ့် အလင်းရောင်ကို မခံစားရတဲ့ တာ့က်မီနစ္စတန်နိုင်ငံသားများဘဝကို အရိပ်မည်းကြီး ဖုံးလွှမ်းမှုအောက်မှာ နေနေရရှာတဲ့ အစဉ်ထာဝရ နေသာနေတဲ့နိုင်ငံတစ်ခုက လူသားများရယ်လို့ ရိုက်တာသတင်းသမားတစ်ဦးက တင်စားခေါ်ဝေါ်ပါတယ်။

တာ့က်မီနစ္စတန်ဟာ ကမ္ဘာ့နံပါတ် ၁၀ မြောက်ဝါဂွမ်းထုတ်လုပ်တဲ့နိုင်ငံ၊ ကမ္ဘာပေါ်မှာ သဘာဝဓာတ်ငွေ့တင်ပို့မှု နံပါတ် ၄ ဖြစ်တဲ့နိုင်ငံဖြစ်တယ်၊ ဒါကြောင့် ဒီသဘာဝသယံဇာတနဲ့ထုတ်ကုန်တွေကိုအမှီပြုပြီး အစွန်းရောက်တဲ့ ကိုယ့်အားကိုယ်ကိုး အမြင်ကိုလည်း ပိုမိုသန်မာစေတယ်၊ နောက်ပိုင်းနှစ်များမှာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်များကို ကန့်သတ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း အားမပေးလိုပါဘူး၊ အကျိုးဆက်အဖြစ် သဘာဝဓာတ်ငွေ့နဲ့ရေနံကနေဝင်ငွေ အမြောက်အများရရှိပေမယ့် ဆန်းစစ်လေ့လာသူများအလိုအရ တာ့က်မီနစ္စတန်ရဲ့ အနာဂါတ်နိုင်ငံရေးက သေချာရေရာမှု မရှိလှဘူးလို့ ဆိုပါတယ်၊ လူဦးရေ ၅ သန်းမျှရှိတဲ့နိုင်ငံဟာ သဘာဝတရားအရဆိုလျှင်ဖြင့် ချမ်းသာကြွယ်ဝပြီး လူနေမှုအဆင့်အတန်းမြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်သင့်စရာပါ၊ သို့ပေမယ့် ဒီနိုင်ငံမှာ အလုပ်လက်မဲ့က ၆၀ ရာခိုင်နှုန်း၊ နိုင်ငံခြားကြွေးမြီတွေ အမြောက်အများတင်ရှိနေပါတယ်၊ အချိုးအစားမမျှတတဲ့ အစိုးရရဲ့အသုံးစရိတ်ကြောင့်လည်း သတ်မှတ်ချက်စံနှုန်းအောက် နိမ့်ကျစွာ နေနေရတဲ့ ဆင်းရဲသားများက ၅၇ ရာခိုင်နှုန်းကျော်ကျော်ရှိပါတယ်၊ အမေရိကန်စီအိုင်အေမှတ်တမ်းအရ လူဦးရေရဲ့အခြေခံလူတန်းစား ၁၀ ရာခိုင်နှုန်းက နိုင်ငံရဲ့ ၂ ဒသမ ၆ ရာခိုင်နှုန်းသုံးစွဲခွင့်ရပြီး အမြင့်ဆုံး လူတန်းစား ၁၀ ရာခိုင်နှုန်းက နိုင်ငံရဲ့ ၃၁ ဒသမ ၇ ရာခိုင်နှုန်း သုံးစွဲနေကြတယ်လို့ဆိုပါတယ်။

ဒီလိုမသေချာ မရေရာတဲ့အနေအထားရှိတဲ့နိုင်ငံရဲ့ ရာသက်ပန်သမ္မတ၊ ကမ္ဘာမှာ နံပါတ် (၈) အဆိုးဆုံး အာဏာရှင်နီယာဇဗ်တစ်ယောက်တော့ ဒီဇင်ဘာလ ၂၁ ရက်နေ့ကပဲ ကွယ်လွန်သွားခဲ့ပါပြီ၊ သတင်းစာတစ်စောင်ကတော့ မကြာမီက ကွယ်လွန်သွားတဲ့ ချီလီသမ္မတဟောင်း ပိုလ်ချုပ်ကြီး ပီနိုချေး၊ လောလောလတ်လတ် ကွယ်လွန်သွားတဲ့ နီယာဇဗ်တို့ကို ရည်ညွှန်းပြီး **Dictators' club gets a little smaller** “အာဏာရှင်အဖွဲ့တော့ အနည်းငယ် လျော့သွားပြီ”လို့ ဆိုပါတယ်၊ **Dictators' club has gone** ဆိုတဲ့အသံမျိုးကြားရဖို့ တောင့်တနေသူတွေ ဒီကမ္ဘာမှာ ဘယ်လောက်တောင်မှ များလေမလဲလို့လည်း စာနာစိတ်နဲ့ ဆင်ခြင်မိပါရဲ့။

ဆင်းရဲခြင်းအမွေတွေ ချန်ရစ်ခဲ့တဲ့ နိုင်ငံခေါင်းဆောင်၊ မဆင်မခြင် ထင်မြင်စိတ်ကူးတဲ့ရာလုပ်တတ်တဲ့ ခေါင်းဆောင်၊ တိုင်းပြည်ဘဏ္ဍာတွေကို ကိုယ်ပိုင်ငွေအလား အလွဲသုံးစားပြုလုပ်တဲ့ခေါင်းဆောင်၊ တိုင်းသူပြည်သားတွေရဲ့အားနဲ့ မတွန်းလှန် မဖြုတ်ချနိုင်ပေမယ့် သေခြင်းတရားကတော့ အပေါင်းအဖော်မပါပဲ တစ်ဦးတည်းသာ ရုတ်တရက်ခေါ်ဆောင်လို့ သွားခဲ့ပြီ၊ သူ့အာဏာ

ရှိစဉ်မှာ ထုလုပ်တည်ထားခဲ့တဲ့ သူ့ရဲ့ရွှေရုပ်ထုကြီးတွေကရော ဘယ်လောက်ကြာကြာ တာ့က်မန်တို့မြေပေါ်မှာ မြင်ခွင့်ရှိပါဦး မလဲ၊ တိုင်းသူပြည်သားတွေရဲ့ ရင်ထဲနှစ်လုံးထဲမှာ အစဉ်ထာဝရစွဲထင်ကျန်ရစ်နေတတ်တာက အဲဒီလို တည်ဆောက်ထားတဲ့ ရွှေရုပ်ထုကြီးတွေရော ဟုတ်ရဲ့လား၊ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ လူအမျိုးမျိုးဟာ ကိုယ့်အခန်းကဏ္ဍကိုယ် ကပြ အသုံးတော်ခံပြီး ကွယ်လွန်ကာ သွားခဲ့ကြပြီ၊ ဘယ်သူတွေရဲ့မှတ်တမ်းဟာ ဘယ်လိုပုံစံနဲ့ ထင်ကျန်ရစ်ခဲ့ပါသလဲ၊ တွေ့မြင်ကြား သိခဲ့ရသမျှတော့ လူထုရဲ့ပိုင်ဆိုင်မှုတွေ၊ လူထုရဲ့ရပိုင်ခွင့်တွေကို မတရားရယူသုံးစွဲ ထိန်းချုပ်ပြီး အာဏာနဲ့အုပ်ချုပ်သွားခဲ့တဲ့ ဘယ်သူတစ်ဦးမှ သမိုင်းထဲမှာ လေးစားအားကျစရာ၊ ဂုဏ်ယူမြတ်နိုးစရာအဖြစ် လှပစွာကျန်နေရိုး မရှိကြပါဘူး၊ ဒါကို ဆင်ခြင်ပြီး ကိုယ့်သမိုင်းကို ဘယ်ပုံရေးကြမယ်ဆိုတဲ့ သခ်ၤန်းစာလေးတစ်ခု စာရေးသူတို့အားလုံး ယူဖို့ကောင်းလှတာ အမှန်ပါပဲ။

### အရင်းဉာဏ်က

အချက်အလက်များကို CIA worldbook, US State Dep. BBCNews, စသည်တို့မှ ရယူပါတယ်။